# သတင်းထုတ်ပြန်ချက်

JUSTICE FOR MYANMAR

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၂ ရက် | မြန်မာ

## အကြမ်းဖက်မြန်မာစစ်အုပ်စုနဲ့ ရုရှားတို့ဦးဆောင်မယ့် အာဆီယံရဲ့ စစ်ရေးလေ့ကျင့်မှုအစီအစဉ်က စစ်အုပ်စုကျူးလွန်နေတဲ့ နိုင်ငံတကာရာဇဝတ်မှုတွေကို ပိုမိုနက်ရှိုင်းသွားစေ

မကြာခင်လပိုင်းအတွင်း မြန်မာစစ်အုပ်စုနဲ့ ရုရှားတို့ ဦးဆောင်ကျင်းပဖို့လုပ်နေတဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှုကို ချက်ချင်းဖျက်သိမ်းဖို့ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (ADMM) ကို Justice For Myanmar က တောင်းဆိုလိုက်ပါတယ်။

မြန်မာစစ်အုပ်စုနဲ့ ရုရှားအစိုးရတို့ ပူးတွဲဦးဆောင်မယ့် အဲဒီအစီအစဉ်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆိုင်ရာ ADMM အပေါင်း ကျွမ်းကျင်ပညာရှင်များ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမှာဖြစ်ပြီး ဩဂုတ်လ အတွင်း မြန်မာနိုင်ငံမှာ စားပွဲဝိုင်းဆွေးနွေးလေ့ကျင့်မှုတွေကို ပြုလုပ်ပြီး စက်တင်ဘာလအတွင်း ရုရှားနိုင်ငံမှာ လက်တွေ့စစ်ရေးလေ့ကျင့်ခန်းတွေ ပါဝင်မှာ ဖြစ်ပါတယ်။

အလုပ်အဖွဲ့ဟာ ရုရှားနိုင်ငံ Khabarovsk မှာ ဇွန်လအတွင်း စစ်ရေးလေ့ကျင့်မှုအတွက် သူတို့ရဲ့အဆုံးသတ် ပြင်ဆင်ရေးညီလာခံကို အာဆီယံအဖွဲ့ဝင်တွေနဲ့အတူ ဆွေးနွေးဖက်တရုတ်နဲ့ အိန္ဒိယတို့ ပါဝင်တက်ရောက် ခဲ့ပါတယ်။ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ နယူးဇီလန်နိုင်ငံ တို့ကတော့ အဲဒီအစည်းအဝေးကို သပိတ်မှောက်ခဲ့ပါတယ်။

အဲ့ဒီစစ်ရေးလေ့ကျင့်မှုမှာ အကြမ်းဖက်တိုက်ခိုက်မှုကို တုံ့ပြန်ဖို့ ပေါင်းစပ်ညှိနှိုင်းပေးတဲ့ စစ်ရေးလေ့ကျင့်မှု ပါဝင်မှာဖြစ်ပြီး ပြည်သူတွေအပေါ် အကြမ်းဖက်မှုစစ်ဆင်ရေးတွေ ကျူးလွန်နေတဲ့ စစ်အုပ်စုတပ်တွေရဲ့ စွမ်းဆောင်ရည်ကို ကူညီလေ့ကျင့်ပေးတာ ဖြစ်ပါတယ်။

အာဆီယံရဲ့ လက်တွေ့အကူအညီနဲ့ စစ်အုပ်စုတပ်တွေကို လေ့ကျင့်ပေးတဲ့နေရာမှာ ပံ့ပိုးကူညီမှုက အကြမ်းဖက်စစ်အုပ်စု လက်ရှိကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ပိုမိုရှုပ်ထွေးသွားစေမှာ ဖြစ်ပါတယ်။

စစ်အုပ်စုက တရားမဝင် အာဏာသိမ်းကြိုးပမ်းမှုကျူးလွန်ခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်နေ့ကစပြီး စစ်အုပ်စု အကြမ်းဖက်သမားတွေဟာ လူပေါင်း ၃၆၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီး၊ လူပေါင်း ၂၃၀၀၀ ကျော်ကို မတရားဖမ်းဆီးတာ၊ အဆင်ခြင်မဲ့ ပစ်မှတ်ထားလေကြောင်းတိုက်ခိုက်တာ၊ ပစ်ခတ်တာ၊ ညှင်းပမ်းနှိပ်စက်တာ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်တာတွေအပြင် အနည်းဆုံး လူပေါင်း ၁ ဒသမ ၅ သန်း ကျော်ကို အတင်းအဓမ္မ ရွှေ့ပြောင်းစေခဲ့ပါတယ်။

၂၀၂၁ ခုနှစ်ကစပြီး ADMM ရဲ့ အကြမ်းဖက် တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ကို မြန်မာစစ်အုပ်စုလေ့ကျင့်ရေး ဌာန ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်နဲ့ ရုရှားအရှေ့ပိုင်းစစ်ဗျူဟာခရိုင် စစ်ဆင်ရေးဗျူဟာမှူး ဗိုလ်ချုပ် Grigori Tiurin တို့ဦးဆောင်ထားပြီး သူတို့ရဲ့ပူးတွဲ ဥက္ကဋ္ဌတာဝန်ဟာ ဒီနှစ် ကုန်ဆုံးမှာဖြစ်ပါတယ်။

အလုပ်အဖွဲ့ကို စစ်အုပ်စုက ဝါဒဖြန့်ချိရေး ရည်ရွယ်ချက်တွေအတွက်နဲ့ တရားဝင် အမျိုးသားညီညွတ်ရေး အစိုးရ (NUG)၊ ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ (PDFs) နဲ့ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းတွေကို ဆန့်ကျင်တိုက်ခိုက်ဖို့အတွက် ဒေသတွင်းအကူအညီရယူဖို့ အသုံးချနေတာပါ။

ဥပမာအနေနဲ့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပခဲ့တဲ့ အာဆီယံအကြမ်းဖက်မှုတိုက်ဖျက်ရေး အစည်းအဝေးမှာ စစ်အုပ်စုရဲ့ ဝါဒဖြန့်ချိရေး ဆောင်းပါးတစ်ပုဒ်က အောင်မျိုးသန့် မိန့်ခွန်းမှာ “NUG နဲ့ PDF တို့ရဲ့ အကြမ်းဖက်လှုပ်ရှားမှုတွေကို မီးမောင်းထိုးပြဖို့ ၊ ရွေးကောက်ပွဲဆိုင်ရာ လိမ်လည်မှု တွေ၊ နိုင်ငံတော်အရေးကိုထိန်းသိမ်းဖို့ တပ်မတော်က ကြေညာထားသလို မဲလိမ်မှုမှာ ငြိမ်းချမ်းစွာ အဖြေရှာဖို့ နည်းလမ်းမျိုးစုံနဲ့ တပ်မတော်ရဲ့ ကြိုးပမ်းမှု၊ ဆွေးနွေးမှုတွေအပေါ် NLD အစိုးရဘက်က ပယ်ချခဲ့ပြီး အငြင်းပွားဖွယ်ရွေးကောက်ပွဲရလဒ်တွေနဲ့ အစိုးရသစ်ဖွဲ့ဖို့ ကြံရွယ်ထားတယ်”လို့ ဆိုပါတယ်။

အာဆီယံဟာ မြန်မာနိုင်ငံက လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးကို ပံ့ပိုးကူညီရမယ့်တာဝန် ပျက်ကွက်ရုံ သာမက စီစဉ်ထားတဲ့စစ်ရေးလေ့ကျင့်မှုလို စစ်အုပ်စုရဲ့ ရာဇဝတ်မှုဆိုင်ရာ အပြုအမူတွေကို တက်တက် ကြွကြွ ကူညီအားပေးနေပါတယ်။ ဒီအချက်က အကြမ်းဖက်စစ်အုပ်စုရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေမှာ အာဆီယံကို ပါဝင်ပတ်သက် နေစေတာ ဖြစ်ပါတယ်။

အာဆီယံက မြန်မာစစ်အုပ်စုကို အကာအကွယ်ပေးနေတဲ့ အဖွဲ့အစည်းဆိုင်ရာ အတားအဆီးအဖြစ် ဆောင်ရွက်ခြင်းအားဖြင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်တာနဲ့ မြန်မာလူထုရဲ့ လူ့အခွင့်အရေးကို ကာကွယ်ပေးမယ့် အရေးယူဆောင်ရွက်မှုတွေကို ရှောင်ရှားဖို့ အာဆီယံ အဖွဲ့ဝင်တွေနဲ့ ဆွေးနွေးဖက်တွေကို အကာအကွယ်ပေးပြီး ထိရောက်တဲ့ နိုင်ငံတကာ အရေးယူဆောင်ရွက်မှုတွေကို

တားဆီးနေပါတယ်။ စစ်တပ်ရဲ့အပြစ်ပေးအရေးယူခံရခြင်းမရှိတဲ့ ရက်စက်ယုတ်မာမှုတွေကို အဆုံးသတ်ဖို့ လိုအပ်နေပါပြီ။

**Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “ ကမ္ဘာ့အသိုက်အဝန်းအနေနဲ့ အာဆီယံရဲ့ ဘုံသဘောတူညီချက် ၅ ရပ်ဟာ မအောင်မြင် အလုပ်မဖြစ်ကြောင်း အထောက်အထားတွေ လိုအပ်နေသေးတယ်ဆိုရင် အာဆီယံရဲ့ အကြမ်းဖက်မှုနှိမ်နင်းရေးမှာ ပြည်သူတွေကို နေ့စဉ်အကြမ်းဖက်နေတဲ့ မြန်မာစစ်အုပ်စုတပ်ဖွဲ့တွေကို လေ့ကျင့်သင်ကြားပေးနေတဲ့ လုပ်ရပ်ဟာ လယ်ပြင်ဆင်သွားသလို လက်ဆုပ်လက်ကိုင် ငြင်းမရ ထင်ရှားတဲ့ သာဓက ဖြစ်ကြောင်း ပြောလိုပါတယ်။

အာဆီယံက အစီအစဉ်နဲ့ စစ်အုပ်စုကို လေ့ကျင့်ပေးနေတဲ့လုပ်ရပ်တွေက မြန်မာလူထုအပေါ် စစ်အုပ်စုရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို ပိုမိုရှုပ်ထွေးစေပါလိမ့်မယ်။

မြန်မာ့အကျပ်အတည်း ကို ဖြေရှင်းရာမှာ ကူညီပေးရမယ့်အစား အာဆီယံရဲ့ လုပ်ပုံတွေက ပိုဆိုးလာပြီး အမှန်တကယ်ကို အန္တရာယ် ရှိစေပါတယ်။

ဒီစစ်ရေးလေ့ကျင့်မှု အစီအစဉ်ဟာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးအခြေခံမှုတွေကို လိုက်နာဖို့ ဆောင်ရွက်ရမယ့် အာဆီယံဥက္ကဋ္ဌဖြစ်တဲ့အင်ဒိုနီးရှားရဲ့ တုန်လှုပ်ဖွယ်ရာ ကျရှုံးမှု သက်သေပဲ ဖြစ်ပါတယ်။

အာဆီယံက စစ်ရေးလေ့ကျင့်မှုတွေကို ချက်ချင်းဖျက်သိမ်းပါ။ အစည်းအဝေးတွေအားလုံးမှာ အကြမ်းဖက်စစ်အုပ်စုကို တားမြစ်ဖယ်ထုတ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရကို မြန်မာနိုင်ငံရဲ့ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြု ထောက်ခံရပါမယ်။

အင်ဒိုနီးရှားရဲ့ ဦးဆောင်မှုအောက်မှာ လေ့ကျင့်ခန်းတွေ ဆက်လုပ်သွားမယ်ဆိုရင် စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်နဲ့ ထိုင်းအစိုးရတို့ဟာ လေ့ကျင့်ခန်းအစီအစဉ်တွေကို သပိတ်မှောက်ပြီး လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကို ထောက်ခံတဲ့ မြန်မာပြည်သူတွေနဲ့အတူ ရပ်တည်သင့်ပါတယ်” လို့ ပြောကြားခဲ့ပါတယ်။

## ပိုမိုသိရှိရန်

ADMM နှင့်ပက်သက်၍ ကျွန်ုပ်တို့၏ စုံစမ်းဖော်ထုတ်မှုကို ဤနေရာ တွင် ဖတ်ရှုပါ။

Justice For Myanmar | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror:
https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။